# ဆစ်ကဲလ်ဆဲလ် ရောဂါ (Sickle cell disease)

## ဆစ်ကဲလ်ဆဲလ် ရောဂါဆိုသည်မှာ အဘယ်နည်း။

ဆစ်ကဲလ်ဆဲလ် ရောဂါဆိုသည်မှာ ဟီမိုဂလိုဗင်ထုတ်လုပ်မှုကို ထိခိုက်စေသည့် သွေးမူမမှန်မှုတစ်ခု ဖြစ်သည်။ ဟီမိုဂလိုဗင်သည် သွေးထဲရှိ ပရိုတင်းဓါတ်ဖြစ်ပြီး အောက်စီဂျင်ဓါတ်ကို ခန္ဓာကိုယ်အနှံ့ သယ်ဆောင်ပေးသည်။

သာလာဆီးမီးယားသည် မျိုးရိုးဗီဇအားဖြင့် မိဘမှ ကလေးသို့ မျိုးရိုးလိုက်တတ်သည်။ မျိုးရိုးဗီဇများသည် မျက်လုံးအရောင်၊ ဆံပင်အရောင်နှင့် ဟီမိုဂလိုဗင်စသဖြင့် လူ့ဝိသေသလက္ခဏာများကို သယ်ဆောင်ပေးပါသည်။

**ဆစ်ကဲလ်ဆဲလ် ရောဂါသည် မျိုးရိုးကြောင့် ဖြစ်သည်။**

**ဆစ်ကဲလ်ဆဲလ် ရောဂါသည် မကူးစက်တတ်ပါ။**

**ဆစ်ကဲလ်ဆဲလ် ရောဂါသည် မကူးစက်တတ်ပါ။**

တစ်ခါတစ်ရံ မျိုးရိုးဗီဇများ၌ ပြောင်းလဲမှုများ ဖြစ်ပေါ် ပြီး ရောဂါဖြစ်စေသည်။ ဆေးဘက်ဆိုင်ရာအခြေအနေများ။ အဆိုပါပြောင်းလဲမှုများမှာ ဆစ်ကဲလ်ဆဲလ်ရောဂါတွင် ဘီတာ (β) ဂလိုဗင်ဗီဇများ၌ ဖြစ်ပွားသည်-

- ပုံမန်အားဖြင့် လူတစ်ဦးသည် ဟီမိုဂလိုဗင်ရှိ အဲလ်ဖါဂလိုဗင် ပရိုတင်းထုတ်လုပ်မှုအတွက် β ဂလိုဗင် မျိုးရိုးဗီဇလေးခု အမွေဆက်ခံပါသည်။
- လူတစ်ဦးတွင် ပြောင်းလဲမှု (အဆင့်ပြောင်းမှု) တစ်ခုမှာ ၎င်းတို့၏ β ဂလိုဗင်ဗီဇနှစ်ခုအနက်တစ်ခုတွင် ဖြစ်ပွားကောင်း ဖြစ်ပွားနိုင်သည်။ အဆိုပါလူကို ဆစ်ကဲလ်ဆဲလ် သယ်ဆောင်သူဟုခေါ် ပြီး ၎င်းသည် <u>ကျန်းမာပါသည်</u>။
- သယ်ဆောင်သူများ၏ ကြင်ဖော်ဖက်သည်လည်း β သာလာဆီးမီးယား သယ်ဆောင်သူဖြစ်လျှင် ဘီတာ သာလာဆီးမီးယား မေဂျာရောဂါရှိသည့် ကလေးမွေးဖွားလာနိုင်သည့် အန္တရာယ် ရှိကောင်းရှိနိုင်သည်။
- လူတစ်ဦး၏ β ဂလိုဗင်ဗီဇတစ်ခုတွင် ဆစ်ကဲလ်ပြောင်းလဲမှု (အဆင့်ပြောင်းခြင်း) ဖြစ်ပွားပြီး ၎င်း၏ အခြားသော β ဂလိုဗင်ဗီဇတွင် ပြောင်းလဲမှုတစ်ခုရှိပါက ၎င်းတို့သည် ဆစ်ကဲလ်ဆဲလ်ရောဂါဟုခေါ်သော အခြေအနေတစ်ခုကို ခံစားရနိုင်သည်။

## ကုသမှု

ဆစ်ကဲလ်ဆဲလ် ရောဂါရှိသူတို့သည် ရေတိုနှင့် ရေရှည် နောက်ဆက်တွဲပြဿနာများကို ဟန့်တားရန်နှင့် စီမံထိန်းချုပ်ရန်အတွက် ပုံမှန် ဆေးဝါးကုသမှု လိုအပ်ပါသည်။

## ဆစ်ကဲလ်ဆဲလ် သယ်ဆောင်သူများ၏ ကျန်းမာရေး

သယ်ဆောင်သူတစ်ဦးသည် ကျန်းမာနေနိုင်သည်။ သံဓါတ်နည်းခြင်းကြောင့်ဖြစ်ပွားသည့် သွေးအားနည်းမှုနှင့် အခြား သွေးအားနည်းမှုကို ခွဲခြားသိရှိရန်အတွက် ၎င်းတို့သည် သယ်ဆောင်သူများဖြစ်ကြောင်း ၎င်းတို့၏ဆရာဝန်သိရှိထားရန် အရေးကြီးပါသည်။

## အဲလ်ဖါ သာလာဆီးမီးယားနှင့် ကလေးယူရန် စီစဉ်ခြင်း

ဆစ်ကဲလ်ဆဲလ် မျိုးရိုးဗီဇများမှာ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတောင်ပိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ကရင်ဘီးယမ်း နယ်ခံလူများတွင် အဖြစ်များပါသည်။

ကလေးယူရန် စီစဉ်နေသည့် စုံတွဲများ သို့မဟုတ် စောစောပိုင်း ကိုယ်ဝန်ရှိနေသည့် စုံတွဲများ၏ မိသားစုများအနက် တစ်ဦးဦးတွင် အထက်ဖော်ပြပါ နယ်မြေများအနက် တစ်ခုမှဖြစ်လျှင် သို့မဟုတ် ၎င်းတို့တွင် သွေးမူမမှန်မှု သို့မဟုတ် သွေးအားနည်းမှု တစ်စုံတစ်ရာ မိသားစု ရာဇဝင်ရှိလျှင် ၎င်းတို့သည် သယ်ဆောင်သူများ ဟုတ်မဟုတ် သိရှိရန် သွေးစစ်ဆေးသင့်သည်။ မျိုးရိုးဗီဇ သွေးမူမမှန်မှု ရှိလာနိုင်သည့် ကလေးမွေးဖွားလာမည့် အန္တရာယ် တစ်စုံတစ်ရာ ရှိမရှိ သိရှိရန် ဤစစ်ဆေးမှု လိုအပ်ပါသည်။

ကလေးတွင် မူမမှန်မှု ရှိလာမည့် အန္တရာယ်ရှိသူများတွင် နည်းလမ်းများရှိပါသည်။ ဤမူမမှန်မှုများကို ကိုယ်ဝန် ၁၂ ပတ်ကဲ့သို့သော စောစောပိုင်း၌ ရောဂါ ဖော်ထုတ်ပေးနိုင်သည်။ အကယ်၍ သင့်တော်လျှင် ကိုယ်ဝန်ဖျက်ချခြင်းကို စဉ်းစားနိုင်ပါသည်။ လူများအနေဖြင့် မျိုးပွားခြင်း နည်းပညာများ (မျိုးရိုးဗီဇ ရောဂါဖော်ထုတ်မှု၊ အလှူရှင်၏ မျိုးသားဥများ သို့မဟုတ် မျိုးသုတ်ကောင် အသုံးချမှု) ကို ရယူနိုင်သည် သို့မဟုတ် စဉ်းစားနိုင်သည်။ အခြားသူများသည် သွေးမူမမှန်မှုရှိမည့် ကလေး ရမည် မရမည်ကို အရဲစွန့်ကောင်း စွန့်နိုင်သည်။ ဤနည်းလမ်း အားလုံးကို မျိုးရိုးဗီဇ အတိုင်ပင်ခံအရာရှိ (Genetic Counsellor) နှင့် ဆွေးနွေးနိုင်ပါသည်။

စစ်ဆေးမှုကို သင်၏ ဒေသခံဆရာဝန်က စီစဉ်ပေးနိုင်သည် သို့မဟုတ် ဤစာစောင်အဆုံးပိုင်း၌ ဖော်ပြထားသည့် ဆေးရုံများကို ဆက်သွယ်ခြင်းအားဖြင့် စီစဉ်နိုင်ပါသည်။

## သင့် မိသားစု အတွက် အရေးကြီးသော သတင်းအချက်အလက်များ

အကယ်၍ သင်သည် အဲလ်ဖါ သာလာဆီးမီးယား သယ်ဆောင်သူဖြစ်လျှင် သင့်မိသားစု၏ အခြား မိသားစုဝင်များသည်လည်း သယ်ဆောင်သူများဖြစ်နိုင်ပြီး ဆိုးရွားသော သွေးမူမမှန်မှုဖြင့် ကလေးများမွေးဖွားလာမည့် အန္တရာယ်ရှိပါသည်။ ကိုယ်ပိုင်ရင်သွေးများ<u>**မယူမီ**</u> အခြားမိသားစုဝင်များ <u>**နှင့်**</u> ၎င်းတို့၏ကြင်ဖက်များအား ၎င်းတို့၏ သယ်ဆောင်သူ အနေအထားကို စစ်ဆေးရန် အကြံပြုအပ်ပါသည်။

# ဆစ်ကဲလ်ဆဲလ် ရောဂါဖြင့် ကလေးမွေးဖွားလာနိုင်မည့် အခွင့်အလမ်းများ

**ပုံ 1။**

မိဘနှစ်ပါးလုံးသည် β သာလာဆီးမီးယား သယ်ဆောင်သူများဖြစ်ကြသည်




ကိုယ်ဝန်**<u>တစ်ခုစီ</u>** အဖို့၊ ဤစုံတွဲတွင်-

- သာမန် β ဂလိုဗင် ဗီဇ ၂ ခုဖြင့် ကလေးမွေးဖွားလာနိုင်သည့် အခွင့်လမ်း ၄ ယောက်တွင် ၁ ယောက် ရှိသည်။
- ကျန်းမာသည့် သယ်ဆောင်သူ ကလေးမွေးဖွားလာနိုင်သည့် အခွင့်အလမ်း ၄ ယောက်တွင် ၂ ယောက်ရှိသည်။
- ကျန်းမာသည့် သယ်ဆောင်သူ ကလေးမွေးဖွားလာနိုင်သည့် အခွင့်အလမ်း ၄ ယောက်တွင် 1 ယောက်ရှိသည်။

**ပုံ 2။**

မိဘတစ်ဦးတည်းသာ သယ်ဆောင်သူဖြစ်သည်




ကိုယ်ဝန်**<u>တစ်ခုစီ</u>** အဖို့၊ ဤစုံတွဲတွင်-

- သာမန် β ဂလိုဗင် ဗီဇ ၂ ခုဖြင့် ကလေးမွေးဖွားလာနိုင်သည့် အခွင့်လမ်း ၄ ယောက်တွင် 2 ယောက် ရှိသည်။
- ကျန်းမာသည့် သယ်ဆောင်သူ ကလေးမွေးဖွားလာနိုင်သည့် အခွင့်အလမ်း ၄ ယောက်တွင် ၂ ယောက်ရှိသည်။


Thalassaemia and Sickle Cell Australia
Unifying Support and Genetics

Thalassaemia and Sickle Cell Australia
Moorleigh Community Village
92-94 Bignell Road
Bentleigh East
VIC, 3165, Australia

ဖုန်း- +61 3 7015 5637
အီး း ်-
info@tasca.org.au



ဤအချက်အလက်စာစောင်ကို ဘာသာစကား အမျိုးမျိုးဖြင့် ဘာသာပြန်ဆိုထားပြီး ဒေါင်းလုဒ် ရယူနိုင်သည့် ဝက်ဘ်ဆိုက်မှာ *www.tasca.org.au*© ဖြစ်သည်။
Thalassaemia and Sickle Cell Australia